**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၈၉ ) ရက်စွဲ။ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - Mr. Gao Zhiyu (Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Mingcheng (Myanmar) Footwear Co., Ltd.<br>မြေကွက်အမှတ်(၄၇)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၂)၊ မင်းရဲကျော်စွာလမ်း၊ စက်မှုဇုန်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၄၂၁၇၁၉၂၇၃၊ Email- hlahlaaye@stl-myanmar.com။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - မြေဧရိယာ (၂.၄၆၅) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - မြေကွက်အမှတ်(၄၇)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၂)၊ မင်းရဲကျော်စွာလမ်း၊ စက်မှုဇုန်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၂-၁-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁-၁-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၁၆-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/ EIA/ ၆ (၂၂၈၆ /၂၀၂၄) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)"** |



၃၁.၁.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လူမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Mingcheng (Myanmar) Footwear Co., Ltd. ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်စက်မှုဇုန်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၂)၊ မြေကွက်အမှတ်(၄)၊ မြေဧရိယာ(၂.၄၆၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအတွက် စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ Mingcheng (Myanmar) Footwear Co., Ltd. ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ စက်မှုဇုန်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၂)၊ မြေကွက်အမှတ် (၄၇)၊ မြေဧရိယာ (၂.၄၆၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၁၆-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/ EIA/ ၆ (၂၂၈၆ /၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Gao Zhiyu၊ Director၊ Mingcheng (Myanmar) Footwear Co., Ltd.၊ မြေကွက်အမှတ်(၄၇)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၂)၊ မင်းရဲကျော်စွာလမ်း၊ စက်မှုဇုန်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၄၂၁၇၁၉၂၇၃၊ Email- hlahlaaye @stl-myanmar.com ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ထုတ်လုပ်မှုနည်းစဉ်အနေဖြင့် ကုန်ကြမ်းပစ္စည်းများအား သတ်မှတ်အပူချိန်ပေး၍ စနစ်တကျ သိုလှောင်ခြင်း၊ ပုံစံဖြတ်ခြင်း၊ ကော်ကပ်ခြင်း၊ ဖိစက်ဖြင့် ပုံသွင်းခြင်း၊ လိုချင်သောဒီဇိုင်းအတိုင်းဖြစ်စေရေး အချောသတ်ချုပ်လုပ်ခြင်း၊ တံဆိပ်နှိပ်ခြင်းနှင့် ထုပ်ပိုးခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ နောက်ဆုံးအဆင့် ထုပ်ပိုးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းအား ဝန်ထမ်း (၇၄၅) ဦးခန့်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ကြမ်းပစ္စည်းများဖြစ်သော သားရေ၊ ကော်အမျိုးမျိုး၊ ပိတ်သားအပါအဝင် ကုန်ကြမ်းပစ္စည်း စုစုပေါင်း (၂၅) မျိုးကို တရုတ်နိုင်ငံမှ တင်သွင်းမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းအတွက် လုပ်ငန်းသုံးရေ အသုံးပြုမှုပမာဏမှာ တစ်လလျှင် (၂၂,၆၀၀) လီတာခန့်ဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအင်သုံးစွဲမှုအနေဖြင့် မဟာဓါတ်အားလိုင်းမှ ၆၀၀ kVA ထရန်စဖော်မာ (၁) လုံးနှင့် ၆၀၀ kVA ဒီဇယ်သုံး မီးစက်(၁)လုံး တို့ဖြင့် သုံးစွဲသွားမည်ဖြစ်ကြောင်း၊ တစ်လလျှင်

လျှပ်စစ်ဓါတ်အား လိုအပ်ချက် (၄၆,၀၀၀) ယူနစ်ခန့် အသုံးပြုလျက်ရှိကြောင်း၊ အသုံးပြုကုန်ကြမ်း နှင့် ဓာတုပစ္စည်းအသုံးပြုမှုအနေဖြင့် အောက်ဖော်ပြပါ ဇယားအတိုင်းဖော်ပြထားပါသည်-

**Yearly Raw Materials**

| NO | NAME | TOTAL KG WITHING A YEAR |
|---|---|---|
| 1 | PU Leather | 297,210 |
| 2 | Textile | 532,410 |
| 3 | Non-Woven | 184,410 |
| 4 | Outsole | 337,170 |
| 5 | sponge (4mm,12mm) | 2,040 |
| 6 | 1.0 Lixinbu (TPU) | 10,050 |
| 7 | Upper | 15,630 |
| 8 | Ribbon | 3,870 |
| 9 | label | 10,980 |
| 10 | Buckle | 47,550 |
| 11 | Wrap Paper | 4,350 |
| 12 | Inner box | 779,490 |
| 13 | Tag /Hangtag | 1,830 |
| 14 | Shoelace | 9,960 |
| 15 | Shoe Last | 45,450 |
| 16 | Hot Melt Sheet | 151,470 |
| 17 | Insole Board | 26,250 |
| 18 | Velcro | 25,650 |
| 19 | Elastic | 23,580 |
| 20 | TOLUENE-FREE PU ADHESIVE | 30,600 |
| 21 | TPR TREATING AGENT | 492 |
| 22 | TREATING AGENT | 8,970 |
| 23 | NATURAL RUBBER LATEX | 16,400 |
| 24 | HARDENER | 592 |
| 25 | WATER-BASE PU GLUE | 1,080 |

Machinery List

| Sr.No | Name of Machine | Model Number | No of Machine | Remark |
|---|---|---|---|---|
| 1 | EP-20S Duolexin Dehumidifier | EP-20S | 4 | |
| 2 | CFZ-168 Tokushima dehumidifier | CFZ-168 | 4 | |
| 3 | 3 tons hydraulic truck | 3吨 | 1 | |
| 4 | Gantry 30T cutting machine | 龙门式 | 25 | |
| 5 | Gantry 30T cutting machine | 龙门式XC-602 | 42 | |
| 6 | Platen line | 40*1.2*0.78m | 2 | |
| 7 | 342G large computer car | 342G | 30 | |
| 8 | SIZE standard pressing machine | | 14 | |
| 9 | Flat pressing (push pressing press) | XY-812 | 4 | |
| 10 | peeler | NB-801 | 5 | |
| 11 | Ribbon cutting machine | | 2 | |
| 12 | Laminating machine | | 6 | |
| 13 | Laminating machine | XC-319 | 8 | |
| 14 | High frequency machine | | 3 | |
| 15 | High frequency machine | XC-906 | 10 | |
| 16 | Pneumatic Cold and Hot Pressing Laminating Machine | LY-889 | 2 | |
| 17 | 9910 high order | 9910 | 96 | |
| 18 | 592E automatic thread trimmer high double | 592E | 24 | |
| 19 | engraving machine | | 1 | |
| 20 | 9920 high double | 9920 | 48 | |
| 21 | 918-3 electronic flat car | 918-3 | 12 | |
| 22 | Trimmer | | 6 | |
| 23 | close machine | | 4 | |
| 24 | 210D small and medium computer car | 210D | 17 | |

Yearly Raw Materials

| NO | NAME | | TOTAL KG WITHING A YEAR | |
|---|---|---|---|---|
| 25 | 430D small computer car | 430D | 12 | |
| 26 | Eyelet and center button machine | | 8台 | |
| 27 | 20U53 universal car | 20U53 | 12 | |
| 28 | 1530 universal car (sewing car) | 1530 | 4 | |
| 29 | Automatic gluing hammer leveling machine | | 6 | |
| 30 | Hammer leveling machine XY-811 | XY-811 | 6 | |
| 31 | Pneumatic punching machine | | 12 | |
| 32 | Electric punching machine | | 4 | |
| 33 | Waist buckle machine | | 12 | |
| 34 | Water-based glue spraying machine (Nanxin) | | 12 | |
| 35 | White paste gluing machine | | 4 | |
| 36 | White paste gluing machine | XC-6606 | 8 | |
| 37 | LJ-866XLL Vulcanizing box (high-speed heating setting machine) LJ866XLL | | 2 | |
| 38 | LJ-866XLL Vulcanizing box (high-speed heating setting machine) LJ866XLL | | 2 | |
| 39 | LJ-805N wrinkle removing machine | LJ-805N | 2 | |
| 40 | LJ-805N wrinkle removing machine | LJ-805N | 2 | |
| 41 | LJ-110N-2 automatic glue spraying machine (anti-mildew energy spray machine) | | 2 | |
| 42 | LJ-110N-2 automatic glue spraying machine (anti-mildew energy spray machine) | | 2 | |

Yearly Raw Materials

| NO | NAME | | TOTAL KG WITHING A YEAR | |
|---|---|---|---|---|
| 43 | EF8682B Front upper machine | EF8682B | 4 | |
| 44 | YC-625A universal press | YC625A | 4 | |
| 45 | universal press | XC-901 | 8 | |
| 46 | XR-6036 last pulling machine | XR-6036 | 2 | |
| 47 | XC-320 last pulling machine | XC-320 | 4 | |
| 48 | LJ-203 sterilization box | LJ-203 | 2 | |
| 49 | LJ-110UVC plane type sterilization box | LJ-110UVC | 2 | |
| 50 | LJ-909C bottom sticking machine (including conveyor belt/3 connection oven) | 高效NIR红外线成型机 | 2 | |
| 51 | LJ-909C bottom sticking machine (including conveyor belt/3 connection oven) | 高效NIR红外线成型机 | 2 | |
| 52 | Fixed midsole machine | | 2 | |
| 53 | YC-6225 roughening machine | YC-6225 | 4 | |
| 54 | rougher | | 1 | |
| 55 | Labang car | | 12 | |
| 56 | XR6060-4CA Four cooling heel forming machine | XR6060-4C | 2 | |
| 57 | XR-6060-3E Hot and cold heel forming machine | XR-6060-3E | 6 | |
| 58 | XR-6049 marking machine | XR-6049 | 4 | |
| 59 | XC-578 marking machine | XC-578 | 8 | |
| 60 | LJ-639 (16.5 meters) conveyor belt | LJ-639（16.5米） | 2 | |
| 61 | LJ-639 (20 meters) conveyor belt | LJ-639（20米 | 2 | |
| 62 | LJ-639 (10 meters) conveyor belt | LJ-639（10米） | 2 | |
| 63 | LJ-639 (5 meters) conveyor belt | LJ-639（5米） | 2 | |
| 64 | LJ-639 (14 meters) conveyor belt | LJ-639（14米） | 2 | |

Yearly Raw Materials

| NO | NAME | | TOTAL KG WITHING A YEAR | |
|---|---|---|---|---|
| 65 | LJ803 oven | LJ803 | 4 | |
| 66 | LJ803 oven | LJ803 | 4 | |
| 67 | XR-6225-1 Vamp steamer | XR-6225-1 | 2 | |
| 68 | XC-511 Vamp steamer | XC-511 | 4 | |
| 69 | LQ-777D freezer (including cooling tower) (cooling setting machine) LQ777D | | 2 | |
| 70 | LQ-777D freezer (including cooling tower) (cooling setting machine) LQ777D | | 2 | |
| 71 | EF862 back machine | EF862 | 2 | |
| 72 | back machine | XC-966 | 4 | |
| 73 | Wire drying machine | | 4 | |
| 74 | wrinkle remover | XC-6503 | 2 | |
| 75 | Middle glue brushing machine | XC-3195 | 2 | |
| 76 | KLD-6 bending resistance testing machine | KLD-6 | 1 | |
| 77 | YFKH21-12 exhaust fan MC-YFKH21-12-000 | | 44 | |
| 78 | Elevator MC-DIANTI-000 | | 2 | |
| 79 | XL-21 power cabinet | XL-21 | 4 | |
| 80 | 1000KVA voltage regulator | 1000KVA | 1 | |
| 81 | KLS-30APM air compressor | KLS-30APM | 1 | |
| 82 | HTX-30B cold dryer | HTX-30B | 1 | |
| 83 | 119 fire fighting equipment | 119 | 1 | |
| 84 | Water purification equipment | | 1 | |
| 85 | Plant water supply equipment | | 1 | |
| 86 | transformer | | 1 | |
| 87 | Gas tank | | 1 | |

Yearly Raw Materials


| NO | NAME | | TOTAL KG WITHING A YEAR | |
|---|---|---|---|---|
| 88 | CPCD35-Q9K forklift | CPCD35-Q9K | 1 | |
| 89 | JHDK-1875GF generator | JHDK-1875GF | 1 | |
| 90 | JHDK-625GF Generator | JHDK-625GF | 1 | |
| 91 | High voltage distribution cabinet | | 1 | |
| 92 | Low voltage distribution cabinet | | 5 | |
| | | 盘点日期:<br>2021.11.16 | | |

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ စက်မှုဇုန်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၂)၊ မြေကွက်အမှတ်(၄၇)၊ မြေဧရိယာ (၂.၄၆၅) ဧကပေါ်တွင် တည်ရှိပါသည်။


**Mingcheng (Myanmar) Footwear Co., Ltd. ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်စက်မှုဇုန်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၂)၊ မြေကွက်အမှတ်(၄၇)၊ မြေဧရိယာ(၂.၄၆၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**



Mingcheng (Myanmar) Footwear Co., Ltd. ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်စက်မှုဇုန်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၂)၊ မြေကွက်အမှတ်(၄၇)၊ မြေဧရိယာ(၂.၄၆၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan



Mingcheng (Myanmar) Footwear Co., Ltd. ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်စက်မှုဇုန်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၂)၊ မြေကွက်အမှတ်(၄၇)၊ မြေဧရိယာ(၂.၄၆၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ပြပုံ



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက Mingcheng (Myanmar) Footwear Co., Ltd. ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၂)၊ မြေကွက်အမှတ်(၄၇)၊ မြေဧရိယာ (၂.၄၆၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၁၆-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/ EIA/ ၆ (၂၂၈၆ /၂၀၂၄) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** ထုတ်လုပ်မှုနည်းစဉ်အနေဖြင့် ကုန်ကြမ်းပစ္စည်းများအား သတ်မှတ်အပူချိန်ပေး၍ စနစ်တကျ သိုလှောင်ခြင်း၊ ပုံစံဖြတ်ခြင်း၊ ကော်ကပ်ခြင်း၊ ဖိစက်ဖြင့် ပုံသွင်းခြင်း၊ လိုချင်သောဒီဇိုင်းအတိုင်းဖြစ်စေရေး အချောသတ်ချုပ်လုပ်ခြင်း၊ တံဆိပ်နှိပ်ခြင်းနှင့် ထုပ်ပိုးခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ နောက်ဆုံးအဆင့် ထုပ်ပိုးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) **လေထုအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သားရေတုများ၊ Sole များညှပ်ခြင်း၊ ချုပ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှ ထွက်ရှိလာမည့် အမှုန်များကို ပျံ့လွင့်မှုမရှိစေရေး လုပ်ငန်းဆောင်ရွက်သည့် နေရာအား သန့်ရှင်းရေး ပုံမှန်ပြုလုပ်ရန်၊

(၂) လုပ်ငန်းဆောင်ရွက်သည့်နေရာများအား လေဝင်လေထွက်ကောင်းမွန်သည့် စနစ်များ တိုးမြှင့်ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ရှိအခိုးအငွေ့များ ထွက်ရှိမှုအားရှောင်ရှားနိုင်ရေး အတွက် ကော်အစရှိသည့် ဓာတုပစ္စည်းပုံးများအား ဖုံးအုပ်ထားရှိရန်၊

(၄) Solvent- Based Chemicals အစား Water- Based chemicals ကို အသုံးပြုရန်၊

(၅) အမှုန်ထွက်ရှိမှုကို လျှော့ချနိုင်ရေးအတွက် ယာဉ်ယန္တရားများ၊ ပစ္စည်းများ ကိုင်တွယ်အသုံးပြုမှုကို ကန့်သတ်ဆောင်ရွက်ရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုနည်းပါးသည့် စက်ကိရိယာများအား ရွေးချယ်အသုံးပြုရန်၊

(၂) ဆူညံသံထွက်ရှိမှုကို လျှော့နည်းစေသည့် မျက်နှာကြက်များ၊ အကာအကွယ် ပစ္စည်းများ အသုံးပြုပြီး ဝန်ထမ်းများအတွက် နားဖုံးနှင့် အကာအကွယ်ပစ္စည်းများ ဝတ်ဆင်အသုံးပြုစေရန်၊

(၃) လုပ်ငန်းလည်ပတ်သည့် နေရာများကို အမြဲစောင့်ကြပ်စစ်ဆေးရန်၊

(၄) လုပ်ငန်းဆောင်ရွက်ခြင်းကို နေ့အချိန်တွင် အဓိကဆောင်ရွက်မည်ဖြစ်ပြီး ဆူညံသံထွက်ရှိမှု သတ်မှတ်စံချိန်စံညွှန်းထက် ကျော်လွန်မှုမဖြစ်စေရေး ထိန်းချုပ်ဆောင်ရွက် ရန်၊

(၅) လုပ်ငန်းလည်ပတ်ဆောင်ရွက်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းများ၊ ယာဉ်ယန္တရားများကို ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ၊ စစ်ဆေးမှုများ ဆောင်ရွက်ရန်၊

(၆) လူနေရပ်ဝန်းအတွင်း မော်တော်ယာဉ်အမြန်နှုန်းအား ကန့်သတ်မောင်းနှင်စေရန်။

(င) **စွန့်ပစ်အစိုင်အခဲစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်မှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များအတွက် ပုံမှန်အမှိုက်သိမ်းစနစ်နှင့် လုံလောက်သော အရွယ်အစားရှိသည့် အမှိုက်ပုံးများ ထားရှိရန်၊

(၂) ဖိနပ်ချုပ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စက်ရုံဝန်းအပြင် စုပုံခြင်းမဖြစ်စေရေး ရှောင်ရှားရန်၊

(၃) စွန့်ပစ်ပစ္စည်းမျာကို အမျိုးအစားခွဲခြား၍ ပြန်လည်အသုံးပြုခြင်း (သို့မဟုတ်) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုသည့် စွန့်ပစ်သည့်နေရာများတွင် စနစ်တကျစွန့်ပစ်ရန်။

(စ) **စွန့်ပစ်ရေစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းရပ်ဝန်းအတွင်း လုံလောက်သော မိလ္လာကန်များ တည်ဆောက်ထားရှိရန်၊

(၂) စွန့်ပစ်ရေများ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းဆောင်ရွက်ရာတွင် အမှိုက်များ ပါဝင်သွား ခြင်းမရှိစေရေး ပုံမှန်စစ်ဆေးရန်၊

(၃) စက်ရုံပြင်ပသို့ စီးဆင်းမည့် စွန့်ပစ်ရေမြောင်းအား စနစ်တကျထားရှိ ဆောင်ရွက်ရန်၊

(၄) မြေအောက်ရေ ညစ်ညမ်းမှုမရှိစေရေးအတွက် စွန့်ပစ်ရေများအား စနစ်တကျ သန့်စင်၍ စွန့်ပစ်ရန်၊

(၅) သောက်သုံးရေအတွက် စီမံကိန်းဧရိယာအနီးတွင် သင့်လျော်သည့် ရေသန့်စင်စနစ် ထားရှိရန်။

(ဆ) **အနံ့ထွက်ရှိမှုစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဓာတုပစ္စည်းများ ကိုင်တွယ်သည့် ဝန်ထမ်းများအား တစ်ကိုယ်ရေသုံးကာကွယ်ရေး ပစ္စည်းများ ( PPEs) ဝတ်ဆင်၍ လုပ်ငန်းဆောင်ရွက်ရန်၊

(၂) ကော်များထားရှိသည့် ပုံးများကို အငွေ့များ ပြင်ပသို့ ပျံ့လွင့်မှုမရှိစေရေး စနစ်တကျ ဖုံးအုပ်၍ ထားရှိရန်။

(ဇ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း သင့်လျော်သော တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများ အသုံးပြုစေခြင်း၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် သင်တန်းများတွင် ပါဝင်ခြင်း၊ ကောင်းမွန်ပြီး အခြေခံကျသည့် လက်တွေ့ဆောင်ရွက်ချက်များနှင့် လုပ်ငန်းစဉ်များအား စောင့်ကြပ်ကြည့်ရှုခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်ကာကွယ်မှုများနှင့် စပ်လျဉ်း၍ အသိပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၂) အလုပ်သမားများအား စက်ပစ္စည်းကိရိယာများ အသုံးပြုနည်းသင်တန်းကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်ပြီး မတော်တဆမှုများအတွက် သက်ဆိုင်ရာဌာနသို့ တင်ပြရန်၊

(၃) အလုပ်သမားများကို လုပ်ငန်းခွင်သို့ မဝင်ရောက်မီ ကျန်းမာရေး ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော အသုံးအဆောင်ပစ္စည်းများအား ထောက်ပံ့ရန်၊

(၄) အခြေခံဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်း၊ ဘေးကင်းသော လုပ်ငန်းခွင်အလေ့အထများ၊ မီးဘေးအန္တရာယ်ကာကွယ်ခြင်း၊ အရေးပေါ်ရွှေ့ပြောင်းခြင်းနှင့် သဘာဝဘေးဆိုင်ရာ အရေးပေါ်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သင်တန်းပေးခြင်းများ ဆောင်ရွက်ရန်၊

(၅) သတိပေးဆိုင်းဘုတ်များအား အလုပ်သမားများ၊ လေ့လာသူများနှင့် ပြည်သူလူထုများလွယ်ကူစွာ နားလည်စေနိုင်ရေး နိုင်ငံတကာစံနှုန်းများနှင့်အညီ ထားရှိဆောင်ရွက်ရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုရေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးနှင့်ပတ်သက်၍ CO, $NO_2$, $O_3$, $SO_2$, $PM_{10}$, $PM_{2.5}$, TSP, Relative Humidity, Temperature စသည့် ပါရာမီတာတို့အား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၂) ဆူညံသံအရည်အသွေးနှင့်ပတ်သက်၍ တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၃) ရေအရည်အသွေးတိုင်းတာမှုအနေဖြင့် စွန့်ပစ်ရေနှင့် ပတ်သက်၍ Turbidity, EC, Total Hardness, Total Dissolved Solids, Chlorides, Sulfate, Calcium, Magnesium, BOD, COD, pH, Temperature, Ammonia စသည့် ပါရာမီတာများအား လည်းကောင်း၊ သောက်သုံးရေနှင့် ပတ်သက်၍ Turbidity, EC, Iron (Fe), $SO_4$, Nitrates ($NO_3$), Fluoride (F), Physico- Chemical Parameter များနှင့် E-coli Total Coliforms စသည့် Microbiological ပါရာမီတာများအား လည်းကောင်း တစ်နှစ်လျှင် (၂)ကြိမ် တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုရန်၊

(၄) စွန့်ပစ်ပစ္စည်း(အစိုင်အခဲ) ထွက်ရှိမှုအနေဖြင့် စက်ရုံမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား စီမံကိန်းဧရိယာအတွင်း အပတ်စဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(၅) ယာဉ်သွားလာမှုအတွက် နေ့စဉ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၆) ဒေသခံများနှင့် ထိတွေ့ဆက်ဆံခြင်း၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆ ထိခိုက်မှုကာကွယ်ရေးနှင့် အရေးပေါ်အခြေအနေတုံ့ပြန်ရေးအတွက် စီမံကိန်းကြောင့် တိုက်ရိုက်သက်ရောက်နိုင်သည့်နေရာများကို ပုံမှန်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်နှင့် (၃)လလျှင် (၁)ကြိမ် အစီရင်ခံတင်ပြရန်။

(ည) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ရေးအစီအစဉ်များအတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုရေးဆိုင်ရာ တာဝန်သိလုပ်ငန်းများ(CSR)အတွက် နှစ်စဉ်အမြတ်ငွေ၏(၂)ရာခိုင်နှုန်းကို သုံးစွဲသွားရန်နှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဌ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေ သိန်း (၂၂၀) ကျပ်အား လျာထားသုံးစွဲမည်ကို လိုက်နာရန်၊

(၂) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂) %အား ပညာရေး၊ ကျန်းမာရေးနှင့် သင်တန်းပို့ချရေးတို့အတွက် သုံးစွဲမည်ကို လိုက်နာရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ် ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ် လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်။

(ခ) **စွန့်ပစ်ရေစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များ။** စွန့်ပစ်ရေစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေသန့်စင်စနစ်မှ စွန့်ပစ်ရေများကို ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု မရှိစေရေး ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့် စွန့်ပစ်ရေစွန့်ပစ်မှုများနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းနှင့် လမ်းညွှန်ချက်များ၊ အဆင့်သတ်မှတ်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(၃) မြေအောက်ရေ ညစ်ညမ်းမှုမရှိစေရေးအတွက် စွန့်ပစ်ရေမြောင်းစနစ်အား စနစ်တကျဖောက်လုပ်၍ ရေစစ်ကန်များအတွင်းသို့ ဝင်ရောက်စေပြီး Treatment ပြုလုပ်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်ချက်အတွင်း ရောက်ရှိမှသာ ပြင်ပသို့ စွန့်ပစ်ရန်။

မြိုင်ထောင်ရာ ဝန်ကြီးရုံး

(ဂ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် ၁.၁ ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) အနံ့စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံး လက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) အသုံးပြုကုန်ကြမ်းများနှင့် စက်ပစ္စည်းများ ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ ပြန်လည်တင်ပြရန်။

(ဃ) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင် သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(င) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဆ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်း အလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှု တစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်

ပြည်ထောင်စု ဝန်ကြီးရုံး

အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်း အဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်း အကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက် ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြ မြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ် လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဇ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အဦများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဈ) **လူမှုတာဝန်သိ အစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန

အစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ည) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ် အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီး ကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုး သက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေး ခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီးကြောင်းကျိုး ညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသောမှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင် ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လလျှင် တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ

စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆ လျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်းအထောက် အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍(၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆို ပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် သက်တမ်းမကုန်ဆုံးမီ(၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့် နေ့မှရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီး ဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင် အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင် အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလ အတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည် ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ် ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလ အတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်း မရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအစိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတ အသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဦးစီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။